Beautiful YUNNAN
၂၉ ဒီဇင်ဘာ - ၄ ဇန်နဝါရီ၊ ၂၀၁၅ Vol.35 HEADLINE Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# "ကျွန်တော်တို့၏ကူမင်း – ဘန်ကောက်လမ်းမကြီးကို ဖော်ပြခြင်း" (နိုင်ငံတကာလမ်းပိုင်း) သတင်းယူအစီအစဉ်စတင်

ဘန်ကောက်မြို့မှ အထူးသတင်းအရ "လမ်းရှည်သည်ထက် မေတ္တာက ပိုရှည်သည်---ကျွန်တော်တို့၏ ကူမင်း-ဘန်ကောက်လမ်းမကြီးကို ဖော်ပြခြင်း" (နိုင်ငံတကာလမ်းပိုင်း) သတင်းယူအစီအစဉ်ကိုတရားဝင် စတင်ခဲ့ကြောင်း သိရသည်။

ကူမင်း-ဘန်ကောက် နိုင်ငံတကာလမ်းမကြီးသည် ကူမင်းမြို့မှအစပြု၍ မော်ဟန်းမှတဆင့် လာအိုနိုင်ငံအတွင်းရှိ နန်ထာ၊ ပေါချောင်တို့သို့ ဝင်ရောက်သွားပြီး ဟွေ့စိုင်မှတဆင့် ထိုင်းနိုင်ငံချင်းခဲ့သို့ ဝင်ရောက်သွားသည်။ ထို့နောက် ထိုင်းနိုင်ငံအတွင်းရှိ ချင်းလိုင်၊ ချင်းမိုင်မှတဆင့်နောက်ဆုံးတွင် မြို့တော်ဘန်ကောက်သို့ ရောက်ရှိသွားပါသည်။ လမ်းခရီးတစ်ခုလုံးမှာ ကီလိုမီတာ (၁၈၀၀)ကျော်ရှိပြီး ၂၀၀၈ ခုနှစ်တွင် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ (၇)နှစ်တာကာလအတွင်း တရုတ်၊ လာအို၊ ထိုင်း သုံးနိုင်ငံတို့သည် တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ယင်းနိုင်ငံတကာလမ်းမကြီးသည် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ လမ်းတစ်လျှောက်မှ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆွဲငင်ရန်၊ ပြည်သူလူထုများအား သက်သာချောင်ချိ စေရန်အတွက် "ရွှေဝါရောင်လမ်းမကြီး" ဖြစ်လာပြီးဖြစ်ပါသည်။



(ပုံ) သတင်းယူအစီအစဉ်၏မြင်ကွင်းတစ်နေရာ။

နောက်ဆက်လာသော (၅)ရက်တာအချိန်အတွင်းနိုင်ငံတကာ လမ်းပိုင်းဆိုင်ရာသတင်းယူအဖွဲ့သည် ဘန်ကောက်မြို့မှ စတင်ထွက်ခွာပြီး ကူမင်း-ဘန်ကောက်နိုင်ငံတကာလမ်းမကြီးအတိုင်း မြောက်ဘက်သို့ဦးတည်၍ ချီတက်ကာလမ်းတစ်လျှောက်ရှိထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဝန်ထမ်းများ၊ ပြည်သူလူထုများကို သတင်းယူမည် ဖြစ်ပါသည်။ "တစ်ဇုန်တစ်လမ်း" တိုက်တွန်းချက်၏နောက်ခံအောက်တွင် လမ်းဖွင့်ပြီးနောက် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့၏ လုပ်ငန်းထွန်းကားခြင်းအခြေအနေ၊ ပြည်သူများ၏ဘဝအဆင့် အတန်းကောင်းမွန်အောင် ပြောင်းလဲသွားသော အခြေအနေသစ်၊ အဖက်ဖက်မှ ပူးပေါင်း ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ရလဒ်အတူခံစားကြသောမျှော်မှန်းချက်သစ်ကို အမှန်အတိုင်း မှတ်တမ်းတင်၍ ဖော်ပြသွားမည်ဖြစ်သည်။

"ကျွန်တော်တို့၏ ကူမင်း-ဘန်ကောက်လမ်းမကြီးကိုဖော်ပြရန် သတင်းယူအစီအစဉ်"သည် "လမ်းရှည်သည်ထက် မေတ္တာက ပိုရှည်သည်---ကျွန်တော်တို့၏ကူမင်း-ဘန်ကောက် လမ်းမကြီးကို ဖော်ပြခြင်း"မှ ဓာတ်ပုံ၊ ဆောင်းပါးများ ပြိုင်ပွဲ၏ အရေးကြီးသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ ဩဂုတ်လ ၂၇ရက်နေ့က ပြိုင်ပွဲစတင်သည့် အချိန်မှစ၍ လူမှုနယ်ပယ်အသီးသီးနှင့် အဓိကမီဒီယာများက ကျယ်ပြန့်စွာ အာရုံစိုက်ဂရုပြုလာကြသည်။ နိုဝင်ဘာလကုန်ပိုင်းတွင် ပြည်တွင်းလမ်းပိုင်းအပေါ် သတင်းယူရာတွင်ဗဟို၊ ပြည်နယ်မှ အဓိကမီဒီယာများ၊ နာမည်ကြီး လူမှုကွန်ရက်မီဒီယာများက မြင့်မားစွာ အာရုံစိုက်ဂရုပြုခဲ့ပါသည်။ သတင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုများကို အဓိကဝက်ဆိုက်များတွင် တဆင့်ဖော်ပြပြီးနောက် ကျယ်ပြန့်စွာ ဩဇာညောင်းခဲ့ပါသည်။

သတင်းထောက် – ရန်ယန်၊ ဝမ်ကျင့်၊ လေထုံစူး

# အရှေ့တောင်အာရှည့်နှ့ပေါင်းသတင်းမီဒီယာအဖွဲ့ ကျင်ဟုန်ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုလေ့လာ

ယခုရက်ပိုင်းတွင် ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ဖိလစ်ပိုင်၊ အရှေ့ တီမော၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ မလေးရှားစသည့်နိုင်ငံ ၆(၁၀) နိုင်ငံရှိအဓိကမီဒီယာမှ သတင်းထောက် (၁၂)ဦးတို့ဖြင့် ဖွဲ့စည်းထားသော အရှေ့တောင်အာရှ ညွှန့်ပေါင်း သတင်းမီဒီယာအဖွဲ့သည် ကျင်ဟုန်ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက် ကြည့်ရှုလေ့လာသတင်းယူခဲ့သည်။

ယခုအကြိမ်အရှေ့တောင်အာရှ ညွှန့်ပေါင်း သတင်းမီဒီယာအဖွဲ့မှသတင်းထောက်များ၏ လေ့လာရေးခရီးသည် လန်ချန်း-မဲခေါင်မြစ် ပူးပေါင်းဆောင်ရွက်ရေး၏ ပထမဆုံးအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပခဲ့ပြီးနောက်ဆက်တွဲအဖြစ် သတင်းယူခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ လန်ချန်းမြစ်ဝှမ်း၌ ရေအားလျှပ်စစ်လုပ်ငန်းဖွံ့ဖြိုးခြင်း၊ လျှပ်စစ်ဓာတ်အား ပူးပေါင်းဖွံ့ဖြိုးခြင်း၊ သိပ္ပံနည်းပညာအရ ဆန်းသစ်တီထွင်ခြင်း၊ ပတ်ဝန်းကျင်ထိမ်းသိမ်းခြင်း၊ လူမှုရေးတာဝန် ထမ်းဆောင်ခြင်း စသည်တို့ကို သိရှိနားလည်ရန်၊ အရှေ့တောင်အာရှနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံအဆောက်အအုံ တည်ဆောက်ရေး အခြေအနေကို အထောက်အကူပြုပြီး လန်ချန်းမြစ် ရေအားလျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးမှုသည် အရှေ့တောင်အာရှ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှု စသည့်ဘက်တွင် အရေးပါသည့် အခန်းထဲပါဝင်နေမှုနှင့် အကျိုးပြုအတွေ့အကြုံများကိုတက်ကြွစွာ ဝါဒဖြန့်ရန်အတွက်ဖြစ်သည်။

သတင်းထောက် – ဝမ်စုကျွမ်း

# ဘင်္ဂလားဒေ့ရှ် – တရုတ် – အိန္ဒိယ – မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်

ယူနန်ပြည်နယ် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် ယူနန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီတို့သည် ကူမင်းမြို့တွင်အလေးပေးအဆိုပြုချက်ဖြစ်သည့် 《ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း》 အတွက်လက်တွေ့ဆောင်ရွက်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ပြီး သက်ဆိုင်ရာဌာန အသီးသီးမှ အဆိုပြုချက် လုပ်ဆောင်ဖြေကြားရေးလုပ်ငန်းနှင့် ပတ်သက်ပြီးညှိနှိုင်းဆွေးနွေးဖလှယ်ခဲ့ကြသည်။

ယူနန်ပြည်နယ် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက်တတိယအကြိမ်အစည်းအဝေးတွင် (၉၃)အသင်း ယူနန်ပြည်နယ်ကော်မတီမှ တင်ပြထားသော "ဘင်္ဂလားဒေ့ရှ်-တရုတ်- အိန္ဒိယ-မြန်မာစီးပွားရေး စင်္ကြံတည်ဆောက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း" အမှတ်(၂၁)အဆိုပြုချက်ကို ယူနန်ပြည်နယ်နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်က ၂၀၁၅ ခုနှစ်တွင် အရေးကြီးသော အဆိုပြုချက် (၁၀)ရပ်များအနက် တစ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။ ယူနန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီထံလွှဲအပ်ပြီး တာဝန်ယူဆောင်ရွက်စေကာ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာန၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံး၊ ငွေကြေးကြီးကြပ်ရေးရုံး၊ ကူမင်းအကောက်ခွန်ဌာန စသည့်ဌာနများက ပူးပေါင်းဆောင်ရွက်စေမည်ဖြစ်သည်။ ယင်းအဆိုပြုချက်အရ ယူနန်ပြည်နယ်၏ ရှေ့ဆောင်လမ်းပြသည့် အခန်းထဲပါဝင်နေမှုကို ပြည့်ဝစွာ ဖော်ထုတ်လိုကြောင်း၊ အခြေခံအဆောက်အအုံ၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပြည်သူ့စားဝတ်နေရေးလုပ်ငန်း၊ ပြည်ပသို့ဦးတည်သော အချောကိုင်ကုန်သွယ်ရေးလုပ်ငန်း၊ ငွေကြေးပူးပေါင်းဆောင်ရွက်ရေး၊ ဘုံပိုင်သံတမန် ဆက်ဆံရေး စသည့်ရှေ့ဆောင်လမ်းပြသော ကဏ္ဍကြီး(၆)ရပ်အတွက် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားပြီး ယူနန်ကို တရုတ်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံ တည်ဆောက်ရေး၏ စစ်မှန်သော အဓိကပြည်နယ်ဖြစ်နိုင်ရန် တွန်းအားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အကြံပေးချက်များကိုလည်း (၅)ဘက်မှနေ၍ တင်ပြခဲ့ကြောင်း ဖော်ပြထားပါသည်။ ယင်းအဆိုပြုချက်အား အထက်ပါဌာနများမှ ဂရုတစိုက်ဆောင်ရွက်ခြင်းအားဖြင့် ပဏာမရလဒ်များရရှိခဲ့ကြောင်း မိတ်ဆက်ခြင်းအရ သိရသည်။

ယူနန်ပြည်နယ်အစိုးရရုံးမှ ပါတီကော်မတီအဖွဲ့ဝင် ကောင်းစုရွှင်းသည် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာလေးနိုင်ငံအား အစိုးရပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အမြန်ဆုံးချုပ်ဆိုနိုင်ရန် လက်ဦးမှုရှိရှိနှင့် တက်ကြွစွာတွန်းအားပေး ရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတော် အစိုးရသက်ဆိုင်ရာ ဝန်ကြီးဌာန/ကော်မတီများထံ စီရင်တင်ပြရန်ပိုမိုခိုင်မာအောင် ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ ဦးစားပေး ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်နှင့် အစောပိုင်းရရှိသော စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရမည်ဖြစ်ကြောင်း၊ ယူနန်ပြည်နယ် သက်ဆိုင်ရာဌာနများအနေနှင့် အချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ကြပြီး ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေး စင်္ကြံတည်ဆောက်ရေး အတွက် အောင်မြင်မှုသစ် များရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အကြံပြုလိုက်သည်။

သတင်းထောက် – ကျန်ရှောင်ယူ

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။



**ဓာတ်ပုံသတင်း။** ။ ကူမင်းမြို့သည် ခရိုင်/မြို့နယ်အသီးသီး၌ လေထုအရည်အသွေးလစဉ် အလိုက်တင်ပြခြင်းနှင့် ပူးပေါင်းကာကွယ် ထိမ်းချုပ်ရေးစနစ်ကို တည်ထောင်ထားပြီး နည်းလမ်းအမျိုးမျိုးဖြင့် လေထုညစ်ညမ်းမှု ကာကွယ်ရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ကူမင်းမြို့၏လေထုအရည်အသွေး အကောင်းဆုံးသောရက်မှာ (၁၄၉)ရက်၊ ကောင်းမွန်သောရက်မှာ (၁၇၇)ရက်ရှိပြီး အကောင်းဆုံးနှင့် ကောင်းမွန်သောရက်များမှာ စုစုပေါင်း(၃၂၆)ရက်ရှိခဲ့ပြီဖြစ်သည်။ အနည်းငယ်ညစ်ညမ်းသောရက်မှာ (၈)ရက်သာရှိသည်။ ယေဘုယျအားဖြင့် အသင့်အတင့် ကောင်းမွန်သော လေထုအရည်အသွေးအခြေအနေကို ထိမ်းသိမ်းနိုင်ခဲ့သည်။

သတင်းထောက် – ရန်ကျိုန်း